# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## (ရမ်းဗြဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အနောက်ရွာကျေးရွာအုပ်စု၊ ရဲရုကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(VDP)

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်

ရက်စွဲ၊၂၀၂၁ခုနှစ်၊ စက်တင်ဘာလ(      )ရက်

Scanned with CamScanner

# မာတိကာ


၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား- မရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁)- ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂)- ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ




Scanned with CamScanner

# ဗောဓိ + ရဲရှကျေးရွာ တည်နေရာပြမြေပုံ



Scanned with CamScanner


စဉ်
အကြောင်းအရာ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
၁။ ရာသီဥတု
၂။ စီးပွားရေး
၃။ ဝင်ငွေ
၄။ ထွက်ငွေ
၅။ သောက်သုံးရေ
၆။ အလုပ်အကိုင်
၇။ ပွဲလမ်းသဘင်
၈။ ဖြစ်ပွားတတ်သော ရောဂါများ

မောစီ - ရဲရူ ကျေးရွာ

# မောဒီ - ရဲရှု ကျေးရွာ


ပြင်ပအဖွဲ့အစည်း
NGO
ကျေးရွာအတွင်းအဖွဲ့အစည်းများ
သာရေးနာရေး
အသင်း
ရပ်မိရပ်ဖ
အသင်း
ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့
Pact Myanmar

## ရဲရွကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## ဦးစားပေးလုပ်ငန်းများ နှစ်အလိုက်စီမံချက်

ရမ်းဗြဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်း ဖြုန်းကျောက်လမ်းခင်းခြင်း(၄၀၀၀'x ၁၂' x ၉") | ၁ | ✔ | | | | |
| ၂ | (၂၄)နာရီ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရန် | ၂ | | | ✔ | | |
| ၃ | တဖက်ပိတ်ဆည်တစ်ခု တည်ဆောက်ရန် | ၃ | | ✔ | | | |
| ၄ | စိုက်ပျိုးရေးနည်းပညာ၊လက်ယာသုံးစက်ကိရိယာများ ရရှိရန် | ၄ | | | ✔ | | |
| ၅ | ရဲရွကျေးရွာနှင့် ကုန်ဘောင်ယက်ကျေးရွာချင်းဆက်လမ်းရရှိရန် | ၅ | | ✔ | | | |
| ၆ | မွေးမြူရေးနည်းပညာနှင့် စိုက်ပျိုးရေးရင်းနှီးမြှပ်နှံငွေများရရှိရန် | ၆ | | | ✔ | | |
| ၇ | ခေတ်မီသော စာကြည့်တိုက်ရရှိရန် | ၇ | | | | ✔ | |
| ၈ | တစ်အိမ်သုံး ယင်လုံအိမ်သာများရရှိရန် | ၈ | | | | | ✔ |
| ၉ | ကျေးရွာကုန်ထုတ်လမ်းရှိ ချောင်းကူးတံတားတစ်စင်းရရှိရန် | ၉ | | | | ✔ | |

Scanned with CamScanner

၁။ ဗောဓိ-ရဲရှကျေးရွာ၏တည်နေရာအနေအထား

ဗောဓိ-ရဲရှကျေးရွာသည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်၊ အနောက်ရွာကျေးရွာအုပ်စု ရမ်းဗြဲမြို့နှင့်အောင်လှပြင်ကားလမ်းမကြီးတွင် ပါဝင်ပြီး ကားလမ်းတောင်ဘက်တွင် တည်ရှိနေပါသည်။ ရမ်းဗြဲမြို့နှင့် (၁၁)မိုင်ကွာဝေးပါသည်။ ရွာ၏အရှေ့ဘက်တွင် ကျောက်သားဖြင့်ပြုလုပ်ထားသည့် ရှေးဟောင်းစေတီပျက်တစ်ဆူကို ရွာသူရွာသားများနှင့် အဝေးရောက်သူများစုပေါင်းပြီး တည်ထားကြပါသည်။ ၁၀၀'×၁၀၀' ပတ်လည်ရှိ ရေကန်ပျက်နှစ်ခုရှိသည့်အနက် အရှေ့ဘက်မှရေကန်ပျက်ကို ကျေးရွာ၏သမိုင်းရေးသူ၊ နောက်ပါနှစ်ဦးနှင့် ရွာကိုအလှူခံပြီး (၄၀'×၄၀')၊ အနက်(၇')ခန့် ကို ၂၀၁၇-ခုနှစ်တွင် တူးဖော်ထားကြပါသည်။ ရေကန်ပျက်ကိုတူးဖော်သည့်နေ့မှာပင် ချိုးရေ၊ သုံးရေကို သုံးရပါသည်။ နွေရာသီတွင်လည်း မခမ်းခြောက်ဘဲ ယနေ့ထိ ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သောက်သုံးနေရပါသည်။ အနောက်ဘက်မှကန်ပျက်ကို ၂၀၁၈-ခုနှစ်တွင် ရခိုင်ပြည်နယ်အစိုးရဘက်ဂျက်ဖြင့် (၁၀၀'×၁၀၀')ရှိရေကန်တစ်ခုကို တူးထားလျှက်ရှိပါသည်။ ရခိုင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် တူးထားသည့်ရေကန်မှရေကို ဗောဓိ-ရဲရှကျေးရွာရှိလူနေအိမ်များသို့ ပိုက်သွယ်ပြီးပေးလျှင် ရနိုင်မည်ဟုခန့်မှန်းပါသည်။ ၄င်းဖော်ပြပါ ရေကန်နှစ်ကန်၏ အရှေ့၊ တောင်၊ မြောက်ပတ်ဝန်းကျင်တွင် ရဲရှပြင်ဟုခေါ်သည့် လယ်ကွင်းကြီးတစ်ကွင်းရှိပါသည်။ အဆိုပါရေကန်နှစ်ခုကို တစ်ကန်တည်းပေါင်းပြီးတူးဖော်နိုင်ပါက အနောက်ရွာကျေးရွာသို့ထိ ရေကိုလုံလောက်စွာပေးနိုင်ပြီး ရဲရှပြင်ကွင်းတွင် နွေရာသီ၌ ဟင်းသီးဟင်းရွက်၊ လူအများစားသုံးသောသီးနှံမျိုးစုံကိုလည်း စိုက်ပျိုး၍ရနိုင်ပါသည်။ လယ်ကွင်း၏အရှေ့ဘက်တွင်လည်း ရဲရှတောင်ဟုခေါ်နေကြသော တောင်ကြီးတစ်လုံးရှိပါသည်။ ရဲရှတောင်နှင့် ရဲရှပြင်ကွင်းမှကျသောချောင်းကို ရဲရှချောင်းဟုလည်းခေါ်နေကြပါသည်။ ရွာ၏အနောက်ဘက်တွင် စေတီတစ်ဆူနှင့် ဗောဓိဘုန်းတော်ကြီးကျောင်းဝိုင်းရှိပါသည်။ ကျောင်းဝိုင်းထဲတွင် သိမ်၊ ဇရပ်၊ ဓမ္မာရုံ၊ ဆွမ်းစားဆောင်များလည်း ရှိကြပြီး အ.ထ.က- ဗောဓိ၊ ဘောလုံးကွင်း၊ သင်္ချိုင်း၊ ကျောက်ချောင်းတိုက်နယ်၏ ပင်မကျန်းမာရေးဌာနတို့ရှိကြပါသည်။ တောင်ဘက်တွင် င/ပေါက်ပြင်ဟုခေါ်သောလယ်ကွင်းနှင့် အောင်လှပြင်နယ်မြေရဲစခန်း၊ လေးတောင်- ကျောက်နီမော်ကားလမ်းမကြီးလည်းရှိပါသည်။ ရွာ၏မြောက်ဘက်နားတွင် ပယင်းချောင်း ဟုခေါ်သောချောင်းသည် အရှေ့မှအနောက်သို့ စီးဆင်းပြီး အောင်လှပြင်ချောင်းသို့ စီးဝင်သွားပါသည်။ ဒုံဒုံမြည်စေတီတော်နှင့်

ကျောက်ချောင်းတိုက်နယ်လုံးဆိုင်ရာ ဓမ္မဗိမာန်တော်ကြီး ဓမ္မာရုံတစ်လုံးတည်ရှိ၍ ထိုင်တော်မူဘုရား၊ ရှေးဟောင်းကျောက်သားဖြင့်တည်ထားသော စေတီငယ်တစ်ဆူရှိပါသည်။ ဒုံဒုံမြည်စေတီတော်ကို ရခိုင်ပြည်လေးမြို့ခေတ်ကပင် တည်ခဲ့ ကြောင်း သက်သေအထောက်အထားလည်းရှိပါသည်။ စေတီ၏ပတ်ဝန်းကျင်တွင် ရမ်းဖြဲအောင်လှ ပြင်ကားလမ်း၊ လယ်ကွင်း၊ စားကျက်မြေ၊ လယ်သမားတစ်ဦးတပိုင်တနိုင်စိုက်ပျိုးထားသည့် ကျွန်း(၃)ကေနှင့် အရှေ့ယေကျေးရွာတို့ တည်ရှိနေပါသည်။ ဗောဓိ-ရဲရှုကျေးရွာအဝင် ကားလမ်းမကြီးဘေး၌ ကျောက်ချောင်းတိုက်နယ်အတွက် ဈေးမြေနေရာတစ်ခုကိုသတ်မှတ်ထားပြီး ပုံစံ(၁၀၅) ပါထွက်ရှိထားပြီးဖြစ်ပါသည်။ ရွာထဲတွင် ထက်မြင့်ထွန်းဘော်ဒါစာသင်ဝိုင်းလည်း ရှိပြီး ရွာလမ်းမကြီးနှင့်လမ်းသွယ်များမှာပေ (၄၃၀၀')ကျော်ခန့်ရှည်လျားပြီး ၆''၊ ၉''ကျောက်ကို အောက်ခံခင်းထား၍ ဖြုန်းကျောက်ကို ၉''ထု၊ ၁၂''အကျယ်ခင်းထားသည့်အတွက် သွားလာရေးလွယ်ကူနေပါသည်။ သို့သော် လေးတောင်၊ ကျောက်နီမော်လမ်းမကြီး ကွန်ကရစ်အပိုင်းနှင့်ဆက်ရန် ဗောဓိ-ရဲရှုကျေးရွာမှ ပေအရှည် (၁၁၅၀)ခန့်သာလိုနေပါသည်။ငှင်းဖော်ပြပါ လမ်းပိုင်းသာဆက်သွယ်မှုရှိလာပါက စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ မော်တော်ကား၊ နွားလှည်းများကအစ အချိန်မရွေး အကောင်းဆုံးသွားလာရေး အလွယ်ကူဆုံးအခြေအနေသို့ရောက်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

ပထမ ဗောဓိ-ရဲရှုကျေးရွာဟု ခေါင်းစဉ်တပ်ရခြင်းမှာ ၁၉၄၇-ခုနှစ်တွင် ဦးကဝိသာရဘွဲ့အမည်ရှိသော ရဟန်းတော်ကြီးတစ်ပါးသည် ရဲရှုရွာ၊ ကုန်ဘောင်ထက်ရွာ၊ သိမ်ပြင်ရွာ၊ မင်းသားပြင်ရွာနှင့်အနောက်ရွာမှ တကာအနည်းငယ်ပါပြီး စုပေါင်းကာ လက်ရှိဘုန်းတော်ကြီးကျောင်းကို ဆောက်လုပ်ခဲ့ပါသည်။ ကျောင်းဆောက်လုပ်ပြီးသည့်အခါ ရဟန်းတော်ကြီး ဦးကဝိသာရသည် မိမိရွာကိုပြန်သွားပြီး ဖော်ပြပါရဲရှုရွာ၊ ကုန်ဘောင်ထက်ရွာ၊ သိမ်ပြင်ရွာ၊ မင်းသားပြင်ရွာနှင့်အနောက်ရွာမှ တကာအနည်းငယ်ခန့်တို့သည် မွန်ပြည်နယ်၊ သထုံမှ ရောက်ရှိနေသည့် မင်းသားပြင်ကျေးရွာဇာတိဖွား ဦးသာသနဘွဲ့အမည်ရှိဦးပဥ္စင်းအား ကျောင်း ထိုင်ရန်ပင့်လျှောက်ကြပါသည်။ ဦးသာသနသည် ဖော်ပြပါကျေးရွာများမှ တကာ၊ တကာမများပင့်လျှောက်ထားချက်အရ ကျောင်းကိုလက်ခံပြီး ကျောင်းရေစက်ချသည့်နေ့တွင် ဗောဓိဘုန်းတော်ကြီးကျောင်းဟု ကျောင်းကို အမည်တပ်ထားပါသည်။ ပဥ္စင်းသာသနသည် ကျောင်းထိုင်သည့်နေ့မှစ၍ ကျောင်းသား၊ ကိုရင်ငယ်များကို စာသင်ပေးခြင်း ကျောက်ချောင်းတိုက်နယ်အတွင်း အခြားကျေးရွာများမှ စာပေဝါသနာပါသူ

Scanned with CamScanner

လူငယ်များခေါ်ယူပြီး အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြားဘာသာရပ်များကို သင်ကြားပေးခဲ့ပါသည်။ ကျောက်ချောင်းတိုက်နယ်မှ ဦးသာသနာ့၏တပည့် လူငယ်အချို့သည် လေးတောင်တိုက်နယ်၊ ဇရပ်ပြင်ကျောင်းသို့သွားပြီး ၇-တန်း၊ ၈တန်းအထိသွားရောက်ဖြေဆိုအောင်မြင်ကြပါသည်။ကျောက်တွေ့ရွာမှ ဒုဗိုလ်မှူးကြီး(ငြိမ်း)ဦးကျော်ခင်သည် ဗောဓိ ဦးသာသနထံတွင် ပညာသင်ယူခဲ့ပါသည်။ ဗောဓိဘုန်းတော်ကြီး ကျောင်းဆရာတော် ဦးသာသနသည် ကျောက်ချောင်းတိုက်နယ်ကျေးရွာများမှ စာပေဝါသနာပါသည့်လူငယ်များကို ပညာရေးအသိအမြင်မျက်စိဖွင့်ပေးပြီး ၁၉၅၄-ခုနှစ်တွင် ကျောင်းခြံဝင်းထဲ၌ဇရပ်ပေါ်တွင် စ၍ဗောဓိအစိုးရမူလတန်းကျောင်းကို တည်ထောင်၍ (၁၉၇၂)ခုနှစ်တွင် ပထမဆုံး ကျောက်ချောင်းတိုက်နယ်၏တွဲဖက်အလယ်တန်းကျောင်းကို စတင်တည်ထောင်ခဲ့သည်။ ၁၉၈၁-ခုနှစ်မှာ ဗောဓိ အစိုးရအလယ်တန်းကျောင်းကို ဖွင့်ပေးနိုင်အောင် ဦးဆောင်ကြိုးပမ်းခဲ့ပါပြီး ၄င်းမှ ၁၉၉၁-ခုတွင် တွဲဘက် အ.ထ.က-ဗောဓိ၊ ၂၀၀၃-ခုတွင် အ.ထ.က(ခွဲ)ဗောဓိ၊ ၂၀၁၃-ခုတွင် အ.ထ.က-ဗောဓိဟု အဆင့်ဆင့် ဖြစ်လာခဲ့ပါသည်။

ဗောဓိဘုန်းတော်ကြီးကျောင်းမှသည် အ.မ.က၊ ဗောဓိ၊ အ.လ.က(တွဲ)ဗောဓိ၊ အ.လ.က၊ ဗောဓိ၊ အ.ထ.က(တွဲ)ဗောဓိ၊ အ.ထ.က(ခွဲ)ဗောဓိမှ အ.ထ.က၊ ဗောဓိ အဆင့်ဆင့်နာမည်တပ်ထားခဲ့ပြီး ဆရာတော် ဦးသာသနသည် ကျောက်ဖြူမြို့၊ တောင်ရင်းရပ်ကွက်၊ ဗောဓိသိပ္ပံဘုန်းတော်ကြီးကျောင်းတွင် ပျံလွန်တော်မူခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ် အနောက်ရွာကျေးရွာအုပ်စု၊ ရဲရုကျေးရွာသည် ဗောဓိဘုန်းတော်ကြီးကျောင်းကို အနီးကပ်ဆုံး ကိုးကွယ်နေသည့်ကျေးရွာဖြစ်သည့်အတွက် ဗောဓိ-ရဲရုကျေးရွာဟု အမည်တပ်ပေးထားပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဗောဓိ-ရဲရုကျေးရွာသည် နှစ်စဉ်မိုးရေချိန်လက်မပြည့်ဝစွာရရှိပါသည်။ မိုးတွင်းကာလတွင် စပါးကိုအဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး ဆောင်းတွင်းကာလတွင် ငရုပ်၊ ခရမ်း၊ ဆေးရွက်ကြီးနှင့် မြေပဲတို့ကို ၇၅ ရာခိုင်နှုန်းသူတို့သည် တပိုင်တနိုင် စိုက်ပျိုးကြပါသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ သခွတ်၊ သဖန်း၊ ဂျစ်၊ ထောက်ကြန့်၊ ကုက္ကိုင်၊ ညောင်၊ ကြောင်ရှာ၊ ပိတောက်၊ ပျဉ်းကတိုး၊ကညင်စသည့်အပင်များ ပေါက်ရောက်ကြပါသည်။ ရေရရှိ

Scanned with CamScanner

သော်လည်း နည်းပညာပိုင်းဆိုင်ရာများလိုအပ်နေသည့်အတွက် ရာသီအချိန်မရွေးသီးပင်စားပင်များ စိုက်ပျိုး၍မရကြပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာမှပြည်သူလူထုအများစုသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊ နာရေးလုပ်ငန်းများတွင် တရပ်တရွာတည်းမဟုတ်ဘဲ ဗောဓိဘုန်းတော်ကြီးကျောင်းကို ကိုးကွယ်သူများ စုပေါင်းဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်သည့်အသင်းအဖွဲ့အစည်းများမှာ ဗောဓိကျောင်းနာယကလူကြီးများ၊ ဥပသကာအဖွဲ့နှင့်ဂါမအဖွဲ့၊ အမျိုးသမီးကောက်စိုက်အသင်း၊ အိုးအဖွဲ့၊ ကျေးရွာလုပ်ငယ်ဘောလုံးအသင်း၊ လူပျိုအပျိုစာကြည့်တိုက်နှင့် အထွေထွေလုပ်ငန်းအသင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့တို့နှင့် Pact Myanmar ချေးငွေအသင်းတို့ဖြစ်ပါသည်။ ၄င်းအသင်းအဖွဲ့များအားလုံးတို့သည် ကျေးရွာအတွက်အတော်အထောက်အကူပြုနိုင်ပြီး ရွာအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီလုပ် ဆောင်နေကြပါသည်။ ကျေးရွာပြင်ပမှဝင်ရောက်လာသည့်အဖွဲ့အစည်းများတွင် ပတ်ချေးငွေ အသင်းသည် အသင်းသူ/အသင်းသားများကို အကျိုးမပြုနိုင်သည့်အပြင် အကြွေးပေါ်အကြွေးဆင့်စေသည့် အသင်းတစ်သင်းဖြစ်သကဲ့သို့ရှိနေပါသည်။ မြစိမ်းရောင်စီမံကိန်းအသင်းတစ် သင်းသာချပေးနိုင်ပါက ကျေးရွာအတွက် သင့်တင့်သော အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ရပ်သူရွာသားများသည် မိုးရာသီ၌ စပါးကိုအဓိကစိုက်ပျိုးကြပြီး ဆောင်းရာသီနှင့်နွေရာသီတို့တွင် ရေပ်၊ ခရမ်း၊ ဆေးရွက်ကြီး၊ မြေပဲ၊ ပဲလွန်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို တပိုင်တနိုင်စိုက်ပျိုးစားသုံးကြပါသည်။ ကျေးရွာအိမ်ထောင်စု၏ ၁၀ရာခိုင်နှုန်းခန့်မှာ ဈေးရောင်းကြပြီး ၁၅ရာခိုင်နှုန်းခန့်မှာ ကျဘန်းလုပ်ကိုင်ကာ ကြက်၊ ဘဲ၊ ဝက်များကို တပိုင်တနိုင် မွေးမြူထားကြပါသည်။ ၇၅ရာခိုင်နှုန်းခန့်အိမ်ထောင်စုတို့မှာ စပါးနှင့်အခြားသီးပင်စားပင်များ စိုက်ပျိုးကြပြီး မွေးမြူရေးအဖြစ် လယ်ယာမြေထွန်ယက်ရာတွင်အသုံးပြုသည့် နွားများကိုမွေးမြူထားကြပါသည်။ လယ်ယာလုပ်ကိုင်သူတောင်သူများသည် ပိုလျှံသည့်စပါးကို စရိတ်အဖြစ် အသုံးပြုရန် ရောင်းချစားသောက်ကြပါသည်။ တချို့မှာလည်း ဝမ်းစာဖူလုံသည်မှအပ အပိုဝင်ငွေရသည့်တောင်သူများ နည်းပါးကြပါသည်။ စိုက်ပျိုးရေးလုပ်ရာတွင် အပိုဝင်ငွေ

Scanned with CamScanner

မရရှိသည့်အတွက် ရွာမှလူငယ်အချို့ ပြည်တွင်းနေရာများနှင့် ပြည်ပနိုင်ငံများသို့သွား၍ အလုပ်လုပ်ကြရသည်။ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သောမိသားစုတွင် ၄င်းအလုပ်လုပ်သူ၏ဝင်ငွေကိုမှီခိုပြီး အသက်မွေးသည့်မိသားစုများရှိသည်ကို တွေ့ရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင်း ကျေးရွာသူ၊ ကျေးရွာသားများသည် သန့်ရှင်းသောသောက်ရေ၊ သုံးရေကို သုံးစွဲနိုင်ရန်အတွက် ရေတွင်းရေကန်များကို စနစ်တကျတူးဖော်ထားကြပြီး ခြံဝိုင်းများခတ်ထားကြပါသည်။ရခိုင်ပြည်နယ်အစိုးရအကူအညီဖြင့် ရွာအရှေ့ဘက်တွင် (၁၀၀''×၁၀၀'') ကန်တစ်ကန်ကိုလည်း တူးဖော်ထားပါသည်။ ကျေးရွာတွင်းမှ ၁၀၀ရာခိုင်နှုန်းလူဦးရေမှာ တွင်းရေကိုသောက်သုံးကြပါသည်။ ရွာအနီးတွင် အ.ထ.က၊ ဗောဓိကျောင်းရှိနေသည် ဖြစ်ပါ၍ ယနေ့ခေတ်လူငယ်များသည် အခြေခံပညာအထက်တန်းပညာရပ်ကို လူတန်းစေ့သင်ယူနိုင်ကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင် ရွာအတွင်း၌ ကျန်းမာရေးဌာနမှ ဆရာမတစ်ဦးနေရန် နေအိမ်ဆောက်လုပ်ပေးထား၍ ကျန်းမာရေးဆရာမလည်း ရွာအတွင်းရှိနေပါသည်။ ကျန်းမာရေးဌာနတွင်လည်း ကျန်းမာရေးမှူးသည် တာဝန်ချိန်တိုင်း ဌာနတွင်အမြဲတမ်းရှိနေပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှုမှာ ကိုယ့်နည်းကိုယ်ဟန်ဖြင့် ဆိုလာမီးသုံးစွဲကြပြီး ထမင်းဟင်းများကို ထင်း၊ မီးသွေးတို့ဖြင့် ချက်ပြုတ်ရပါသည်။ ထို့ကြောင့်ရေကန်မှရေကို ပိုက်လိုင်းမှရရှိရေး၊ မဟာဓာတ်အားလိုင်းစီမံကိန်းမှ လျှပ်စစ်ကိုသုံးစွဲနိုင်ရန်အတွက် ရွာသူရွာသားများ၊ ကျောက်ချောင်းတိုက်နယ်သူတိုက်နယ်သားများ မျှော်လင့်နေကြပါသည်။

## ၆။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ငွေရေးကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူများအတွက် မိုးရာသီစပါးစိုက်ပျိုးနိုင်ရန် လိုအပ်သည့်ချေးငွေကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းထုတ်ချေးပေးပါသည်။ သို့သော်မရှိဆင်းရဲနွမ်းပါးပြီး စောစောစီးစီး စိုက်ပျိုးရေးချေးငွေမဆပ်နိုင်သောတောင်သူများကို တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်နှုန်း တောင်ပြည့်အောင် ထုတ်ချေး၍မပေးပါ။ တောင်သူများပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ စိုက်ပျိုးရေးချေးငွေကို မဆပ်ဘဲမထားသည့်အတွက် စောစောဆပ်သည်ဖြစ်စေ၊ နောက်ကျဆပ်သည်ဖြစ်စေ တစ်ဧကလျှင်( ၁၅၀၀၀၀ )ကျပ်နှုန်းကို ပြည့်ပြည့်ဝဝ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးစေချင်ပါသည်။ မြစိမ်းရောင်စီမံကိန်း ချေးငွေကိုလည်း ဗောဓိ-ရဲရုကျေးရွာအများပြည်သူဖွံ့ဖြိုးရေးအတွက် ချပေးသင့်ပါသည်။

Scanned with CamScanner

၇။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် ယခင်ကနိမ့်ကျခဲ့သော်လည်း ယခုနှစ်များတွင်သိသာစွာမြင့်မားလာပါသည်။ ရွာသာအများစုလူငယ်များမှာ အထက်တန်းပညာကိုလူတန်းစေ့သင်ယူနိုင်ကြပြီး တက္ကသိုလ်မှဘွဲ့ရသူများရှိကြပါသည်။ မိမိကျေးရွာတွင် အထက်တန်းအဆင့်အထိပညာကို ကောင်းမွန်စွာသင်ယူနိုင်ပြီး ရွာထဲတွင်လည်း ထက်မြင့်ထွန်းဘော်ဒါစာသင်ဝိုင်းရှိပါသည်။ ယခုနှစ်စဉ်တက္ကသိုလ်ဝင်တန်းကို ၂၀ရာခိုင်နှုန်းအထက်အောင်မြင်စွာ မွေးထုတ်ပေးနေပါသည်။ ထို့ကြောင့်ယခုအခါလူငယ်အများစုမှ မိမိ၏တတ်မြောက်ထားသည့်ပညာရပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနိုင်ပြီး နေရာဒေသအနှံ့နှင့် နိုင်ငံခြားတိုင်းပြည်များကို လွယ်ကူစွာသွားရောက်နိုင်ပါသည်။ ယခင်ကနိမ့်ကျနေသောပညာရေးကိုယခုအခါ ပြောင်းလဲလိုက်သကဲ့သို့ ကျေးရွာတွင် တိုးတက်ပြောင်းလဲနေပါသည်။

၈။ ကျန်းမာရေး

ကျေးရွာသူ၊ ရွာသားများသည် အများအားဖြင့် ကျန်းမာသန်စွမ်းကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါးကြပါသည်။ နှစ်စဉ်နှစ်တိုင်းမိုးရာသီတွင် ကလေးသူငယ်များသွေးလွန်တုတ်ကွေးဖြစ်ပွားမှုမရှိသလောက်သာတွေ့ရသည်။ လူငယ်လူကြီးများတွင်လည်းမိုးရာသီ၌တုတ်ကွေးအနည်းငယ်ဖြစ်သည်မှအပ နာစေးချောင်းဆိုးသည့်အဆင့်ရောဂါကင်းရှင်းကြပါသည်။ ကျေးရွာသူကျေးရွာသားများမှာ စားဝတ်နေရေးဖူလုံသူများကြပြီး အပိုဝင်ငွေမရှိကြသော်လည်း လတ်ဆတ်သောသားငါးအသီးအရွက်များကို စားသုံးရသည့်အတွက် ကလေးသူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကျေးရွာအနီးကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဆရာမများက ကာကွယ်ဆေးတိုက်ကျွေးခြင်းစသည့်လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများကို နှစ်စဉ်နှစ်တိုင်းဆောင်ရွက်ပေးနေပါသည်။ အလားတူအမျိုးသမီးများအတွက်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ပေးပါသည်။ ထို့ကြောင့်ရပ်သူ၊ ရွာသားများမှာ ကျန်းမာသန်စွမ်းကြပါသည်။

**၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာရှိလယ်ယာမြေများမှာ နှစ်စဉ်နှစ်တိုင်းစပါးစိုက်ပျိုးရာတွင် ဓာတုဗေဒ၊ ကွန်ပေါင်းသီးစုံမြေသြဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများနှစ်မထည့်နိုင်သောကြောင့် မြေဆီသြဇာပျက်ယွင်းမှုနှင့်ကြုံတွေ့ရသဖြင့် သီးနှံအထွက်ကျဆင်းခြင်းများနှင့်

ကြုံတွေ့ရပါသည်။ လျှပ်စစ်မီးမရရှိသည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများမီးအသုံးပြုရန် နှစ်စဉ်နှစ်တိုင်းထင်းများခုတ်ယူနေရသည့်အတွက် သစ်တောပြုန်းတီးမှုအန္တရာယ်ကို ကြုံတွေ့နေရပါသည်။ သစ်တောပြုန်းတီးသည့်အတွက် ရာသီဥတုဖောက်ပြန်လာသောကြောင့် အပူချိန်မြင့်မားလာခြင်း၊ အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းများ ဖြစ်ပေါ်တတ်သည့်အတွက် တောင်သူများစပါးရိတ်သိမ်းချိန်နှင့်ကြုံကြိုက်ပါက ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးရခြင်းကို ရံဖန်ရံခါကြုံတွေ့ရတတ်ပါသည်။ ထိုသို့ကြုံကြိုက်သည့်နှစ်များတွင် တောင်သူများမှာ၄င်းတို့၏ကောက်ပဲသီးနှံများဆုံးရှုံးခြင်းကြောင့် စားဝတ်နေရေးအခက်အခဲ ကြုံရတတ်ပါသည်။ ထို့ကြောင့်တခြားလုပ်ငန်းများကျပန်းလုပ်ပြီး ဝင်ငွေပြန်ရှာရသည့်အခါမျိုးလဲ ရှိကြပါသည်။

**၁၀။ ကျား၊ မရေးရာ**

ကျား၊မ ရေးရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအများစုတွင် အမျိုးသားများမှ ဦးဆောင်လေ့ရှိပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စအဝဝအား လိုအပ်သည်များကို ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းများတွင် အမျိုးသမီးများသည် ကောက်စိုက်၊ ပေါင်းသင်ကိစ္စများကို ဆောင်ရွက်ကြပြီး အမျိုးသားများက လယ်ထွန်ခြင်း၊ နွားကျောင်းခြင်းစသည့် ဝေယျာဝစ္စဟူသမျှလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ရွာ၏ဘာသာရေးပွဲတော်များဖြစ်ကြသော ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ကထိန်ခင်းခြင်း၊ ဆွမ်းတော်ကြီးလောင်းခြင်း၊ ရွာဦးကျောင်းမှဘုန်းတော်ကြီး၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်းစသည့် ပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာအတွင်းအုပ်ချုပ်ရေးကဏ္ဍများတွင် အမျိုးသမီးထည့်ပေးထားပါသည်။ အခြားသောအသင်းအဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများ ထည့်ယူထားပါသည်။ လယ်ယာလုပ်ငန်းခွင်များတွင်လည်း တစ်ဖက်တစ်လမ်းမှ အမျိုးသမီးများပါဝင်ကြပါသည်။ ပညာရေးတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနည်းတူ မူလတန်းမှသည် တက္ကသိုလ်ပညာရေးအထိ တန်းတူအခွင့်အရေးရရှိပါသည်။

မှတ်ချက်။ ။ အထက်ဖော်ပါရေးသားမှုမှာ ပြည့်စုံသည်ဟုမမှတ်ယူရန် မေတ္တာရပ်ခံပါသည်။ နမူနာများကို အမှန်အကန်ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။ လူမှုစီးပွားရေးအခြေပြဇယား သို့မဟုတ် ၄၈-ဇယားကို သုံးသပ်၍ရေးမှ ပိုမိုပြည့်စုံစွာသုံးသပ်ရေးသားနိုင်ပါသည်။ ဖွံ့ဖြိုးရေးဗျူဟာဇယားကို သုံးသပ်၍ ရေးသားရန် လိုအပ်ပါသေးသည်။

Scanned with CamScanner

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၁ | ၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၈ | ၁၆ | ၂၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၀ | ၂၀ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၇ | ၁၈ | ၂၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၉ | ၁၃၃ | ၂၆၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၂၀ | ၃၃ | | |
| စုစုပေါင်း | | ၁၆၇ | ၁၉၈ | ၃၆၅ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၇၈ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ရဲရှကျေးရွာ၏ တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေသည် ၄.၆ရာခိုင်နှုန်းရှိသောကြောင့် မြန်မာနိုင်ငံ တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေထက် အနည်းငယ်ပိုနေသည်ကိုတွေ့ရသည်။ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သော အသက်၁၅နှစ်မ ၆၄နှစ်အရွယ်လူဦးရေ ၇၁ရာခိုင်နှုန်းကျော်ရှိသောကြောင့် ကျေးရွာဝင်ငွေရလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက် ဆောင်ရွက်နိုင်မည်ကိုတွေ့ရပါသည်။



Scanned with CamScanner

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဝေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၁ | ၉၆ | ၂ | ၅၀ | ၄၆ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | | ၂ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ |



Scanned with CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဝေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |



Scanned with CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဝေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| ၁၂ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| ၁၃ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| ၁၄ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| ၁၅ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ပညာရေး | | | | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |



Scanned with CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဝေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၈ | ၁၂ | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။**။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။



Scanned with CamScanner

လေ့လာတွေ့ရှိချက်။။ လယ်ယာစိုက်ပျိုးရေးနှင့်ရေငံငါးဖမ်းခြင်းတို့ကို အဓိကလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရန် ကြက်၊ဝက်များကိုတနိုင်တပိုင်မွေးမြူကြပါသည်။ လယ်ယာစိုက်ပျိုးသူများတွင် ဝင်ငွေအသင့်ရရှိကြသော်လည်း လယ်ယာငှားရမ်းလုပ်ကိုင်သူများတွင် လယ်ပိုင်ရှင်အား အဖိုးကြေးပေးဆောင်ရသောကြောင့်ဝင်ငွေနည်းပါးကြပါသည်။ ကျပန်းလုပ်ကိုင်သူများအတွက် အလုပ်အကိုင်ခြားပါးသည်ကိုတွေ့ရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၈၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ ဒေသအတွင်းရှိလုပ်ငန်းများအလိုက် ကျား/မဝင်ငွေမှာ ကွာခြားမှုရှိသည်ကိုတွေ့ရှိရပါသည်။ အမျိုးသားများက အမျိုးသမီးများထက် လုပ်အားခပို၍ ရရှိကြပါသည်။



Scanned with CamScanner

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၀ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၁.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄၄.၃၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၃၆.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၁၉ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စုစုပေါင်း | ၂၂၁.၃ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။ ကျေးရွာသူ/ကျေးရွာသားများပိုင်ဆိုင်သော စိုက်ပျိုးမြေပမာဏမှာ ကျေးရွာလူဦးရေနှင့်ယှဉ်လျှင် နည်းပါးနေကြောင်းတွေ့ရှိရပါသည်။ လယ်ယာမြေများတိုးချဲ့ရန်မြေနေရာများအသင့်အတင့်ရှိသော်လည်း ငွေကြေးအခက်အခဲရှိနေသည်ကို တွေ့ရှိရပါသည်။.

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |



Scanned with CamScanner

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။ နွားစာနှင့်ဆေးဘက်ဝင်အပင်များ လျော့နည်းလာပြီး အသုံးပြုနိုင်ရန်ခက်ခဲလာပါသည်။ ရေအရင်းအမြစ်မှာလည်း ပူပြင်းသောရာသီဥတု၊ သစ်တောပြုန်းတီးမှုတို့ကြောင့် နှစ်စဉ်နည်းပါးလာသည်ကိုတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) |



Scanned with CamScanner

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ဝင်ငွေ | အလွန်ကောင်း | အသင့်အတင့် | | အလွန်နည်း |
| အိမ်ထောင်စု | | | | |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ ..........................................................................................

..........................................................................................................................

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာသူကျေးရွာသားများသည် ဆင်းရဲကြသည်ဆိုသော်လည်း တစ်နေ့လျှင်နှစ်နပ်ပုံမှန်စားနိုင်ကြသောအိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာတွင် ဝမ်းစာမဖူလုံသော အိမ်ထောင်စုများသည် လုပ်အားကြိုယူခြင်း၊ ငွေချေးငှားခြင်း၊အထောက်အပံ့ယူခြင်း စသည်တို့ကိုတွေ့ရှိရပါသည်။



Scanned with CamScanner

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများ မရှိဘဲ အတော်အတန်ဆင်းရဲသောအမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများရှိသည်။ ရပ်ရွာအတွင်းတွင် မသန်စွမ်းသည့် ပုဂ္ဂိုလ်များရှိကြသော်လည်း မိသားစုစောင့်ရှောက်မှုအောက်တွင်ရှိ ကြပါသည်။ ကျေးရွာသူကျေးရွာသားများသည် တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်မှုရှိကြသည်ကို တွေ့ရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | |
| ၄ | ဆူနာမီ | ✓ | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | |



Scanned with CamScanner

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၇ | လျှောင် | ✓ | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | ✓ | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ဝေးခက်ခဲခြင်းစသည် | ✓ | | | | | |



Scanned with CamScanner

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။

။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။

အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်ရာသီအလိုက်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ယိုယွင်းမှုများရှိသည်ကိုတွေ့ရပါသည်။ နွေရာသီတွင်ရေခြားပါးခြင်း၊သောက်သုံးရေမသန့်ရှင်းခြင်းတို့ကြောင့် ရောဂါအန္တရာယ်များအလွယ်တကူဖြစ်ပေါ်နိုင်ပါသည်။မိုးရာသီတွင်လည်းရေကြီးခြင်း၊မိုးခေါင်ခြင်းများကြောင့်တောင်သူ၊လယ်သမားများမှာထိခိုက်ပျက်စီးခြင်းများနှင့်ကြုံတွေ့နေရပါသည်။

(င-၃) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ✓ | | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | ✓ | | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | |



Scanned with CamScanner

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ✓ | | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ✓ | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။ လေ့လာတွေ့ရှိချက်။။။ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ ဆင်းရဲသောတောင်သူများနှင့်ကျပန်းလုပ်ကိုင်သူများ ထိခိုက်လွယ်မှု မြင့်မားကြသည်ကို တွေ့ရှိရပါသည်။.

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ



Scanned with CamScanner

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လယ်သမား | ၁☐၂☑၃☐ | ၁၅ | ၂၀ | ၂၅ | ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၂ | အမျိုးသမီး | ၁☐၂☑၃☐ | | ၂၅ | ၂၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | လူငယ် | ၁☐၂☑၃☐ | ၁၅ | ၁၈ | ၃၃ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၄ | ဘာသာရေးနှင့်အုပ်ချုပ်ရေး | ၁☐၂☑၃☐ | ၇ | | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၅ | ကျောင်းကော်မတီ | ၁☐၂☑၃☐ | ၁၀ | ၆ | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၆ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |



Scanned with CamScanner

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၇ | | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်□<br>ညံ့□ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် အမျိုးသမီးပါဝင်သော အဖွဲ့အစည်းများရှိသော်လည်း အဖွဲ့အစည်းအများစုကို အမျိုးသားများကဦးဆောင်နေသည်ကို တွေ့ရပါသည်။ ကျေးရွာရှိ လယ်သမားအဖွဲ့သည် စိုက်ပျိုးမွေးမြူရေးကို သာဆောင်ရွက်ကြပြီး လူငယ်အဖွဲ့၊အမျိုးသမီးအဖွဲ့နှင့်ငွေစုငွေချေးအဖွဲ့တို့သည် ဘာသာရေး၊သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးတို့တွင်တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | PACT Myanmar | ၁□၂□၃☑၄□၅□၆□၇□ | ပညာရေး□ငွေကြေး☑<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၂ | ဓမ္မစကူလ်း | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |



Scanned with CamScanner

Myanmar ဈေးငွေဝန်ဆောင်မှုအဖွဲ့မှာ ရပ်သူရွာသားများကို အကျိုးမဖြစ်စေသည့်အပြင် အကြွေးပေါ်အကြွေးဆင့်အောင်လုပ်ဆောင်နေသည့် အဖွဲ့အစည်းမျိုးဖြစ်သည်ဟု လေ့လာသုံးသတ်မိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၃၀ | ၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၂၇ | | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၂၁ | | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ တောင်သူကြီးအရေအတွက်နည်းပါးလှပြီး မြေယာမဲ့သူများပြားသည့်အတွက် ကျပန်းလုပ်ကိုင်သူဦးရေများပြားကာ ရပ်တည်နိုင်မှု အဆင့်အားဖြင့် အလယ်အလတ်ရှိအိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စုသာများပြားပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ကေ) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☑ | လျော့☐တိုး☐အပြောင်းအလဲမရှိ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☑ | လျော့☐တိုး☐အပြောင်းအလဲမရှိ☑ |
| ၃ | မြစ်ရေတင် | | တစ်နှစ်ပတ်လုံး☐ရာ | ရှိ☐မရှိ☐မဖြေဆိုပါ | လျော့☐တိုး☐အပြောင်း |



Scanned with CamScanner

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၃ | ရန်ကုန်ရောက်လူငယ် | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၄ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၅ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၆ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။ ကျေးရွာအတွင်းပြင်ပမှဝင်ရောက်ဆောင်ရွက်နေသော အဖွဲ့အစည်းများမှာ မဘသ အဖွဲ့အစည်းနှင့် PACT Myanmar ချေးငွေဝန်ဆောင်မှု အဖွဲ့အစည်းဖြစ်သည်။ မဘသအဖွဲ့သည် အမျိုးဘာသာသာသနာအတွက်လုပ်ကိုင်သည့်အဖွဲ့စည်းဖြစ်သော ကြောင့် ကောင်းသည်ဟုဆိုနိုင်သောလည်း PACT



Scanned with CamScanner

| စဉ် | အရင်းအမြစ် | ရေသောက်(ကေ) | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | ရေရရှိနိုင်မှု လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|
| | စိမ်ကိန်း | | သီအလိုက်□<br>မဖြေဆိုပါ□ | □ | ဝးအလဲမရှိ□ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး□ရာ<br>သီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ<br>□ | လျော့□တိုး□အပြောင်<br>ဝးအလဲမရှိ□ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး□ရာ<br>သီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ<br>□ | လျော့□တိုး□အပြောင်<br>ဝးအလဲမရှိ□ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး□ရာ<br>သီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ<br>□ | လျော့□တိုး□အပြောင်<br>ဝးအလဲမရှိ□ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး□ရာ<br>သီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ<br>□ | လျော့□တိုး□အပြောင်<br>ဝးအလဲမရှိ□ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး□ရာ<br>သီအလိုက်☑<br>မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ<br>☑ | လျော့□တိုး□အပြောင်<br>ဝးအလဲမရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။ ကျေးရွာအနီးတွင် အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းမြစ်များမှ စိုက်ပျိုးရေသွင်းမြေနေရာများမရှိပါ။…

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိနိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၁၀ | တင်း | ၁၇ | ၂၂ | ၂၀ | | | မြင့်□လတ်☑<br>နိမ့်□ | မြင့်□လတ်□နိမ့်☑ | မြင့်□လတ်□နိမ့်☑ |



Scanned with CamScanner

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိန်းကိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| | – | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| ခရမ်း | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| ငရုပ် | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။ .ကျေးရွာတွင်အဓိကစိုက်ပျိုးသည့် သီးနှံမှာစပါးဖြစ်ပြီး မိသားစုအပိုဝင်ငွေရရှိရန် ဆေးရွက်ကြီး၊ခရမ်း၊ငရုပ်နှင့်သခွားစသည့် သီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | | | |
| လက်တွန်းထွန်စက် | | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | ၁၀ | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | ၄ | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။



Scanned with CamScanner

